တရားမပုံစံအမှတ် ၉၄

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆

ညောင်ဦးခရိုင် တရားရုံးတော်

၂၀၂၂ ခုနှစ်၊ ဇာရီမှုအမှတ် – ၃

| | | |
|---|---|---|
| မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(ညောင်ဦးဘဏ်ခွဲ)<br>(၎င်း၏ကိုယ်စားဒုတိယမန်နေဂျာဦးဇော်လင်းထွန်း) | နှင့် | ၁။ ဦးဝင်းဆွေ<br>၂။ ဒေါ်ဆွေဇင်ဦး |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

ညောင်ဦးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၁၀/၂၀၂၀ အမှုတွင် အနိုင်ဒီကရီကို အတည်ပြု ဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို **၂၀၂၄ ခုနှစ်၊ ဩဂုတ် လ (၂၉) ရက်၊** နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်း ကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာ လိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက် အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချ မည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက်လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေ ကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်း မှ သာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည်၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက်ကျန်ငွေများကို လေလံတင် ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့ သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေ အကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၂၀၂၄–ခုနှစ် ၊ ဇွန် လ ( ၂၈ )ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

၂၈.၆.၂၀၂၄
(ခင်မျိုးထက်)
ခရိုင်တရားသူကြီး
ညောင်ဦးခရိုင်တရားရုံး
တရားသူကြီး

**ပစ္စည်းစာရင်း**

**ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက်၊ အကွက်အမှတ်–၁၄/ခန်းလောင်း၊ ဦးပိုင်အမှတ်– ၁၉၄၊ ဧရိယာ(၀.၁၁၀)ဧက အကျယ်အဝန်းရှိ ဦးတင်အေး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။**

လေလံတင်ကြမ်းခင်းဈေး

ကျပ်သိန်း (၂၃၀၀/–) (ကျပ်သိန်းနှစ်ထောင့်သုံးရာတိတိ)

ရောင်းချရန်ကြော်ငြာစာကပ်ရန်

၁။ အချင်းဖြစ်ပစ္စည်းတည်ရှိရာ ။
၂။ အချင်းဖြစ်ပစ္စည်းတည်ရှိရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊
၃။ ညောင်ဦးခရိုင်တရားရုံး၊ ကြော်ငြာသင်ပုန်း။
၄။ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ကြော်ငြာသင်ပုန်း။
၅။ ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ကြော်ငြာသင်ပုန်း။
၆။ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ ကြော်ငြာသင်ပုန်း၊ ညောင်ဦးမြို့။